အခြားသူအပေါ် တရားမဝင် အသရေဖျက်သည့် လူများအား ခြိမ်းခြောက်အပြစ်ပေးရန် ထောက်ပံ့ ပေးထားသည့် အသရေဖျက်ခြင်းဆိုင်ရာဥပဒေများမှတဆင့် လူ့ဂုဏ်သိက္ခာအား နိုင်ငံတော်မှ အ ကာအကွယ်ပေးထားသည်။ ကျယ်ပြန့်စွာပြောရမည်ဆိုလျှင် အသရေဖျက်ခြင်းဆိုင်ရာဥပဒေ၏ အ ဓိပ္ပါယ်မှာ လူတစ်ဦးတစ်ယောက်ချင်း၏ ဂုဏ်သိက္ခာနှင့် ခံစားချက်များအား ကာကွယ်မှုပြုခြင်းနှင့် ဆက်စပ်လျက်ရှိသော မည်သည့်ဥပဒေကိုမဆို ဖော်ပြညွှန်းဆိုလေ့ရှိသည်။ မဟုတ်မမှန် သိက္ခာကျ သည့် အရေးအသား ၊ သိက္ခာကျအောင် မဟုတ်မမှန်လုပ်ကြံပြောဆိုခြင်း ၊ စော်ကားခြင်းစသည်တို့ အပါအဝင် စကားလုံး အဓိပ္ပါယ်၏ ကွဲပြားခြားနားချက်များကို ခွဲခြားသတ်မှတ်လေ့ရှိသော်လည်း နိုင်ငံတိုင်း၌မူ အသရေဖျက်ခြင်းဆိုင်ရာဥပဒေသတ်မှတ်ချက်များ ရှိကြလေသည်။

တိုင်းပြည်အတော်များများမှာ အသရေဖျက်ခြင်းသည် လူမှုရေးဆိုင်ရာများယွင်းမှုနှင့် ရာဇဝတ်မှု ဆိုင်ရာ ဥပဒေနှင့်မညီသောလုပ်ရပ် နှစ်မျိုးလုံးပင်ဖြစ်သည်။ တရားမမှုဆိုင်ရာ အသရေဖျက်ခြင်း  ဥပဒေ နှင့် ရာဇဝတ်မှုဆိုင်ရာ အသရေဖျက်ခြင်းဥပဒေတို့ကြား ကွာခြားချက်မှာ ဥပဒေအခြေပြု စ နစ်များတွင်တည်ရှိနေသော

တရားမမှုနှင့် ရာဇဝတ်မှုဥပဒေတို့ကြား
ပိုမိုကျယ်ပြန့်သည့် သဘော ထားကွဲပြားချက်ကို
ထင်ဟပ်လျက်ရှိသည်။ ရာဇဝတ်မှုဥပဒေသည်
ယေဘုယျအားဖြင့် ရုတ်တရက် တိုက်ခိုက်မှုနှင့်
ဓားပြမှုကဲ့သို့ အထွေထွေသောပြည်သူ့အကျိုးစီးပွား
ကို ထိခိုက်စေသည်ဟု သုံးသပ် ခြင်းခံထားရသော
အပြုမူများနှင့် ဆက်နွယ်ပတ်သတ်နေသည်။
ထိုကဲ့သို့သော အပြုအမူများသည်
လူနှစ်ဦးကြားတွင် ဖြစ်ပွားကောင်းဖြစ်ပွားနိုင်သော်လည်း ထိုအပြုအမူများအားပိတ်ဆို့မထားလျှင် လူတိုင်းသည် တိုက်ခိုက်ခံရခြင်း (သို့မဟုတ်)
ဓားပြတိုက်ခံရခြင်းဆိုသည့် အန္တရာယ်အနေထားကို
ကြုံတွေ့နိုင်ချေရှိသောကြောင့်
၎င်းအပြုအမူတို့သည်  လူ့အဖွဲ့စည်းတွင်းရှိ
လူတိုင်းကို အန္တ ရာယ်ရှိသော အခြေနေအဖြစ်
သတ်မှတ်ခြင်းခံရသည်။ အပြစ်ရှိကြောင်း
တွေ့ရှိလျှင် အပြစ်ကျူး လွန်သည်ဟု
သံသယရှိခံရသူသည်  နိုင်ငံတော်သို့
ဒဏ်ငွေပေးဆောင်ခြင်းဖြင့် လူထုကို ထိခိုက်
ပျက်စီးစေခြင်းအ တွက် အလျော်ပေးရန်လိုအပ်ပြီး
ထောင်ချခြင်း (သို့မဟုတ်) အခြားသော
ပြစ် ဒဏ်ကိုချမှတ်ခြင်းဖြင့်လည်း
အပြစ်ပေးခံရနိုင်သည်။

အခြားတဖက်တွင်လည်း Civil Law (တရားမမှု)
သည် လူအချင်းချင်းကြား (သို့မဟုတ်) အဖွဲ့စည်း
များကြားရှိ ကိုယ်ရေးကိုယ်တာ သဘောထားကွဲ
လွဲအငြင်းပွားခြင်းများနှင့် ပတ်သတ်လျက်ရှိသည်။
၎င်းတွင် စာချုပ်စာတမ်း၊ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု၊
အလုပ်သမားရေးရာ နှင့် မိသားစုအငြင်းပွားမှုများ
ကဲ့သို့ ကိစ္စရပ်များအားလုံးပါဝင်သည်။
တရားမမှု၏ ရည်ရွယ်ချက်မှာ
လူ့အဖွဲ့စည်းကိုယ်စား အပြစ် ပေးရန်သာမဟုတ်၊
များယွင်းမှုများအား အဖြစ်မှန်အခြေနေသို့
ပြန်လည်ရောက်ရှိစေရန်လည်း ဖြစ် လေသည်။
တရားမမှုဆိုင်ရာ တရားရုံးများသည်
လျော်ကြေးရရှိနိုင်သော်လည်း ဒဏ်ငွေ (သို့မ
ဟုတ်) ထောင်ဒဏ်များ မချမှတ်နိုင်ချေ။

## What is the difference between defamation and hate speech?

Hate speech laws are laws which prohibit statements which incite discrimination, hostility or violence against a group with a shared identity, such as nationality, race or religion. In some cases, the term 'group defamation' is used to refer to such laws. There are, however, two important differences with defamation laws: first, hate speech laws are intended to protect the safety and social equality of vulnerable groups, rather than their reputation; and second, hate speech laws protect groups of people, identified by certain shared characteristics, rather than individuals or legal persons (such as businesses or non-profit organisations).

## အသရေဖျက်ခြင်းနှင့် အမုန်းစကားကြား ကွာခြားချက်မှာ အဘယ်နည်း။

အမုန်းစကားဆိုင်ရာဥပဒေများသည်
ခွဲခြားဆက်ဆံမှု ၊ မခင်မင်မရင်းနှီးသောအပြုအမူ
(သို့မ ဟုတ်) အမျိုးသားရေး၊ လူမျိုး၊
ကိုးကွယ်မှုဆိုင်ရာ ကွဲပြားသော
အုပ်စုတစ်စုအားဆန့်ကျင်မှုတို့ကို
တွန်းအားပေးလှုံ့ဆော်သည့် ဖော်ပြချက်များကို
တားမြစ်ထားသော ဥပဒေဖြစ်သည်။ တချို့သော
ကိစ္စများတွင် အုပ်စုလိုက်အသရေဖျက်ခြင်းဆိုသည့်
ဝေါဟာရမှာ ထို ဥပဒေများကို
ရည်ညွှန်းလေ့ရှိသည်။ မည်သို့ပင်ဆိုစေကာမူ
အသရေဖျက်ခြင်းနှင့် ယှဉ်လျှင် ၎င်းတွင်
အရေးကြီးသောကွဲပြားခြားနားချက် (၂)
ချက်ရှိလေသည်။ ပထမတစ်ခုမှာ
အမုန်းစကားဥပဒေများသည်
အားအင်နည်းပါးသော အုပ်စု၏
ဂုဏ်သိက္ခာထက် ၎င်းတို့၏ လုံခြုံရေးနှင့်

လူမှုရေးတန်းတူညီမျှမှုကို ကာကွယ်ရန်ဖြစ်သည်။ ဒုတိယအချက်မှာ အမုန်းစကားဥပဒေများသည် တစ်ဦးတစ်ယောက်ချင်းနှင့် စီးပွားရေး (သို့မဟုတ်) အကျိုးမြတ်မယူသောအဖွဲ့စည်းများစသည်တို့ကဲ့သို့ တရားဥပဒေဆိုင်ရာပုဂ္ဂိုလ်များထက် အလေ့အထ စရိုက်လက္ခဏာမတူကွဲပြားစွာတည်ရှိနေသောလူ အုပ်စုများကို အကာကွယ်ပေးထားသည်။

## What is the difference between defamation and blasphemy?

Blasphemy laws are laws which prohibit the denial or mockery of religion(s). The difference with defamation laws is again that blasphemy laws do not specifically protect individuals or even the reputation of the religion. Rather, they protect the sensitivities of adherents to the religion.

## အသရေဖျက်ခြင်းနှင့် ဘာသာရေးနှင့်ဆက်ဆိုင်သောကျိုန်ဆဲခြင်းတို့ကြားခြားနားချက်မှာ အဘယ်နည်း ။

ဘာသာရေးအားကျိုန်ဆဲခြင်းဥပဒေများမှာ ဘာသာရေးအားငြင်းဆန်ခြင်းနှင့် လှောင်ပြောင်သရော်ခြင်းတို့အားတားမြစ်ထားသည်။ အသရေဖျက်ခြင်းဥပဒေနှင့်ကွာခြားချက်မှာ ဘာသာရေးအားကျိုန်ဆဲခြင်းဥပဒေများသည် တစ်ဦးတစ်ယောက်ချင်းစီကိုမကာကွယ်ရုံမဟုတ်ဘဲ ဘာသာတရား၏ဂုဏ်သိက္ခာအားလည်းမကာကွယ်ပါ။ ထိုအရာများထက် ဘာသာရေးအားထောက်ခံအားပေးသူများ၏ ထိလွယ်ရှလွယ်ခံစားချက်များကိုသာ ကာကွယ်ပေးခြင်းဖြစ်သည်။

## What are the problems with defamation laws?

The UN Human Right Committee has recognised the threat posed by criminal defamation laws and have recommended that they should be abolished. It has criticised the existence of law protecting the reputation or honour of heads of state and of the honour of public officials because such law are not necessary in a democratic society and have a chilling effect on free expression

The UN Human Rights Committee has also criticised excessive penalties in defamation cases and declared that imprisonment is never an appropriate penalty. It held that prolonged trials for defamation have a chilling effect that may unduly restrict the exercise of freedom of expression of the person concerned and others.

Why is criminal defamation problematic?

One of the main concerns with criminal defamation is the serious chilling effect it exerts on freedom of expression. Criminal defamation laws can lead to the imposition of harsh sanctions, such as a prison sentence, a hefty fine or, in the case of journalists, suspension of the right to practise their profession. Even if the maximum penalties are low, criminal defamation can still cast a long shadow: individuals prosecuted under it face the possibility of being arrested by the police, held in pre-trial detention and subjected to a criminal trial. Even if the court imposes only a minor fine, they may be burdened with a criminal record and face the social stigma associated with this.

The chilling effect of criminal defamation laws is significantly exacerbated due to the fact that, in many countries, it is powerful social actors – such as government officials, senior civil servants or prominent businessmen – who bring the vast majority of cases. These individuals seek to abuse such laws to protect themselves from criticism or from the disclosure of embarrassing but truthful facts.

Another key objection to criminal defamation laws is that the goal of protecting individuals' reputations can effectively be accomplished through the civil law. This is borne out by the experience of countries which have abolished or no longer use their criminal defamation laws. This raises serious doubts as to whether criminal defamation laws, by nature a more heavy-handed instrument, are justifiable since, as noted above, the least intrusive effective restriction must always be preferred.

Criminal defamation laws are also criticised on other grounds. Defamation is arguably a private matter between two individuals, with which the State should not concern itself. Furthermore, a criminal conviction will usually not provide the defamed person with any compensation, since in most legal systems fines go directly into the State's pocket.

In line with the criticism on criminal defamation laws by UN bodies in the recent years many countries abolished these laws in favour of civil defamation.

## ပြစ်မှုဆိုင်ရာအသရေဖျက်ခြင်းသည်အဘယ်ကြောင့်ခက်ခဲသနည်း။

ပြစ်မှုဆိုင်ရာအသရေဖျက်ခြင်းတွင်အဓိကပြသနာများအနက် ပြသနာတစ်ခုမှာ လွတ်လပ်စွာ ထုတ် ဖော်မှုအပေါ် အသုံးပြုသော ပြင်းထန်သည့်အေးစက်သော အကျိုးသက် ရောက်မှုပင်ဖြစ် သည်။ ပြစ်မှုဆိုင်ရာအသရေဖျက်ခြင်း ဥပဒေများသည် ထောင်ဒဏ်ချမှတ်ခြင်း ၊ ကြီးလေးသော ငွေဒဏ် ချမှတ်ခြင်းနှင့် သတင်းစာဆရာများအမှုတွင် ယင်းတို့၏လုပ်ငန်း တာဝန် များဆောင်ရွက်ခြင်းဆိုင် ရာ အခွင့်အရေးကို ဆိုင်းငံ့ ခံရခြင်း စသည့်ပြင်းထန်သောအရေးယူခြင်း များ သို့ ဦးတည်သွားနိုင် သည်။ အမြင့်ဆုံးဆုံးပြစ်ဒဏ်သည် နဲလျှင်သော်မှပြစ်မှုဆိုင်ရာ အသရေ ဖျက်ခြင်းသည် ရှည်လျား သော အရိပ်ထင်နေသေးသည်။ ဤ ဥပဒေအရတရားစွဲဆိုခြင်း ခံရသော အသီးသီးသော ပုဂ္ဂိုလ် များသည် ရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်းခံရနိုင်ပြီး ၊ တရားမစွဲဆိုမှာပင် ပြစ်မှုကြောင်းအရ အချုပ်ခံ ရနိုင် သည်။ တရားရုံးမှ ဒဏ်ငွေအနည်းအကျဉ်းချမှတ်သော်လည်း လည်းကောင်းတို့ သည် ပြစ်မှုမှတ် တမ်းအတင် ခံရပြီး ဤ ကိစ္စနှင့်ပက်သက်၍ လူမှုရေးအမဲစက် စွန်းထင်ခြင်းခံရသည်။

ပြစ်မှုဆိုင်ရာအသရေဖျက်ခြင်းဥပဒေများ၏အေးစက်သော အကျိုးသက်ရောက်မှုသည် အောက်ပါအချက်များကြောင့် သိသာစွာ ပိုမိုဆိုးဝါးစေသည်။နိုင်ငံအများတွင်အမှုအများစု ပေါ်ပေါက်စေသော သူများမှ အာဏာရှိသော လူမှုရေးကဏ္ဍ ရှိ ပုဂ္ဂိုလ်များ ဖြစ်ကြသော အစိုးရ အရာရှိများ ၊ အကြီး တန်းပြည်သူ့ ဝန်ထမ်းများ သို့မဟုတ် အရေးပါ ထင်ရှားသော စီးပွားရေး သမားများ ဖြစ်နေ ကြ သည်။ ဤ ပုဂ္ဂိုလ်အသီး သီးသည် သူတို့ကိုယ်သူတို့ ဝေဖန်မှု သို့မဟုတ် အမှန်တရားကိုဖော် ထုတ်ခြင်းဖြင့် အကျပ်ရိုက်စေမည့် ဘေးမှ အကာအကွယ်ရရှိရန် ဤ ဥပဒေများကို ချိုးဖောက်

တတ်ကြသည်။ပြစ်မှုဆိုင်ရာအသရေဖျက်ခြင်း ဥပဒေများ၏အခြားအဓိက ရည်မှန်းချက်မှာ ပုဂ္ဂိုလ် တစ်ဦးခြင်း၏ နာမည်ဂုဏ်သတင်းကို တရားမဥပဒေမှတစ်ဆင့် ထိရောက်စွာ အောင်မြင်စွာ ကာ ကွယ်ရန် ရည်မှန်းသည် ။ ဤအရာကို ပြစ်မှုဆိုင်ရာ အသရေဖျက်ခြင်း ဥပဒေများကို ပယ်ဖျက် သော သို့မဟုတ် ဆက်လက်အသုံးမပြုတော့သော နိုင်ငံ များ၏ အတွေ့အကြုံများက ထောက်ခံ သည်။ ဤကိစ္စရပ်များက ပြစ်မှုဆိုင်ရာအသရေဖျက်ခြင်း ဥပဒေများသည် သဘာဝအားဖြင့် ပိုမို ရက်စက်သော ကရိယာအဖြစ်အသုံးပြုရန် သင့်လျော်ခြင်းရှိ မရှိ အထက်ဖော်ပြပါအတိုင်း အနှံဆုံး သက်ရောက်မှု ရှိသော ဥပဒေကိုသာ အမြဲလိုအပ်သည်။ ပြစ်မှုဆိုင်ရာအသရေဖျက်ခြင်း ဥပဒေများ ကိုအခြားအချက်များအပေါ်အခြေခံ၍ လည်းဝေဖန်ကြသည်။ အသရေဖျက်ခြင်းတွင် နိုင်ငံမှ ပါဝင် ပတ်သက်ခြင်းမပြုသော ပုဂ္ဂိုလ်နှစ် ဦးအကြား ပုဂ္ဂိုလ်ရေး ဆိုင်ရာ ကိစ္စရပ်ကို အငြင်းအခုံ ပြု နိုင် သည်။ ထို့ပြင် ပြစ်မှုကြောင်းအရ ပြစ်ဒဏ်ထင်ရှားစီရင်ရာ၌ အသရေဖျက်ခံရသူ အပေါ်ပုံမှန် အား ဖြင့်နစ်နာကြေး ပေးလေ့မရှိပါ။ အဘယ့်ကြောင့်ဆိုသော် အများစုဖြစ်သော တရားဥပဒေစနစ်တွင် ချမှတ်သော ငွေဒဏ်များသည် နိုင်ငံ၏ဘဏ္ဍာထဲသို့ တိုက်ရိုက်ရောက်ရှိသောကြောင့်ဖြစ်သည်။

ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ပြစ်မှုဆိုင်ရာအသရေဖျက်ခြင်း ဥပဒေများအပေါ် ဝေဖန်ခြင်း နှင့် အညီ နိုင်ငံအများအပြားသည် မကြာမီနှစ်များ အတွင်း တရားမ အသေရေဖျက်မှုကို အသား ပေးထောက်ခံခြင်းဖြင့် ဤ ဥပဒေများကို ပယ်ဖျက်ကြပြီးဖြစ်သည်။

## If criminal defamation cannot be immediately abolished, what interim measures should be adopted to guarantee the right to freedom of expression?

ARTICLE 19 argues that all criminal defamation laws breach the guarantee of freedom of expression. However, in recognition of the fact that many countries do have criminal defamation laws which are unlikely to be repealed in the very near future, it has suggested interim measures to attenuate their impact until they are abolished:

i. no-one should be convicted for criminal defamation unless the party claiming to be defamed proves, beyond a reasonable doubt, the presence of all the elements of the offence, as set out below;

ii. the offence of criminal defamation shall not be made out unless it has been proven that the impugned statements are false, that they were made with actual knowledge of falsity, or recklessness as to whether or not they were false, and that they were made with a specific intention to cause harm to the party claiming to be defamed;

iii. public authorities, including police and public prosecutors, should take no part in the initiation or prosecution of criminal defamation cases, regardless of the status of the party claiming to have been defamed, even if he or she is a senior public official;

iv. prison sentences, suspended prison sentences, suspension of the right to express oneself through any particular

form of media, or to practise journalism or any other profession, excessive fines and other harsh criminal penalties should never be available as a sanction for breach of defamation laws, no matter how egregious or blatant the defamatory statement.

## အကယ်၍ ပြစ်မှုဆိုင်ရာ အသရေဖျက်ခြင်းကို ချက်ခြင်းမပယ်ဖျက်နိုင်ပါက လွပ်လပ်စွာဖော်ထုတ် ခွင့်ကိုအာမခံသော မည်သည့်ကြားဖြတ် အရေးယူဆောင်ရွက်မှုကို ယာယီလက်ခံနိုင်မည်နည်း။

ပုဒ်မ(၁၉)တွင် ပြစ်မှုဆိုင်ရာအသရေဖျက်ခြင်း
ဥပဒေအားလုံးသည် လွပ်လပ်စွာဖော်ထုတ် ခွင့်အာ
မခံချက်ကို ချိုးဖောက်သည်ဟု တောင်းဆိုသည်။
သို့ရာတွင် နိုင်ငံအများတွင် မကြာမီကာလ
အ တွင်းရုပ်သိမ်းဖွယ်ရာမရှိသေးသော
ပြစ်မှုဆိုင်ရာအသရေဖျက်ခြင်း
ဥပဒေများရှိနေသေးကြောင်း အသိအမှတ်ပြုပြီး၊
ဖော်ပြပါဥပဒေများကို မပယ်ဖျက်မီတိုင်အောင်
အကျိုးသက်ရောက်မှု လျော့ပါး စေသော ကြားဖြတ်
အရေးယူဆောင်ရွက်မှုကို အကြံပြုသည်။

၁။ အောက်တွင်ဖော်ပြသည့်အတိုင်းကျိုးကြေ
ကာင်းခိုင်လုံသော သံသယကိုကျော်လွန်၍
သော်လည်းကောင်း ၊ ပြစ်မှုဆိုင်ရာ အစိတ်အပိုင်း
တင်ပြမှုကို ကျော်လွန်၍ သော်လည်း
ကောင်း၊ အသရေဖျက်ခြင်းခံရသူက
အသရေဖျက်ခံရကြောင်း သက်သေ
မပြနိုင်ခဲ့လျှင် မည်သူတစ်စုံတစ်ဦးကိုမျှ
ပြစ်မှုဆိုင်ရာအသရေဖျက်မှု ဖြင့် အပြစ်မစီရင်ရ ။

၂။ အသရေဖျက်မှုဆိုင်ရာအရ ပြစ်ဒဏ်စီရင်ခြင်းကို
ထွက်ဆိုချက်များ မှားယွင်းကြောင်း သက်သေ
မပြနိုင်မခြင်းသော်လည်းကောင်း၊ မှားယွင်းကြောင်း
အမှန်သိလျက်နှင့် သော် လည်းကောင်း၊ မဆ
င်မခြင်မှုကြောင့်မှားယွင်းခြင်း သို့မဟုတ်
အသရေဖျက်ခံရသော ပုဂ္ဂိုလ် အပေါ် အသရေပျက်
အောင် တမင်ရည်ရွယ်၍ သော်လည်းကောင်း၊
ပြုလုပ်ခြင်း မဟုတ် လျှင် ပြစ်ဒဏ် စီရင်ခြင်းမပြုရ။

၃။အသရေဖျက်ခြင်းခံရသည်ဟု တိုင်တန်းသူ
သို့မဟုတ် သူမသည် အကြီးတန်းအစိုးရ
အရာရှိဖြစ် နေစေကာမူ ယင်း၏
အဆင့်အတန်းကို ထည့်သွင်းမစဉ်းစားပဲ ရဲ
နှင့်တရားလို အကျိုးဆောင်များအပါအဝင်
လူထုအာဏာပိုင်များသည်
ပြစ်မှုဆိုင်ရာအသရေဖျက် မှုဖြင့်
စွဲဆိုသောအမှုများတွင် ပါဝင်ခြင်းမပြုရ။

၄။ အသရေဖျက်သောရေးသားချက်သည်
မည်မျှပင် စံတင်လောက်အောင် ထင်ရှားစေ
ကာမူ အသရေဖျက်ခြင်းဆိုင်ရာဥပဒေကိုချိုးဖော
က်ခြင်းအတွက် ထောင်ဒဏ် ချမှတ်ခြင်း၊  ဆိုင်းငံ့
ထောင်ဒဏ် ချမှတ်ခြင်း၊သတင်းမီဒီယာများမှ
သီးသန့်ပုံစံဖြင့်ဖော်ပြခွင့်ကို ဆိုင်းငံ့ ခြင်း၊
သတင်းနည်းပညာ လိုက်နာခြင်း သို့မဟုတ် အခြေ
ခားကျွမ်းကျင်မှုဖြင့်ပြုလုပ်ခြင်းကို ဆိုင်းငံ့ခြင်း
၊ လွန်ကဲသော ငွေဒဏ် ချမှတ်ခြင်းနှင့်
အခြားပြင်းထန်သော ပြစ်ဒဏ် ချမှတ် ခြင်း
မည်သည့်အခါမျှမပြုရ ။

## How to establish the balance between the right to freedom of expression and defamation?

When determining whether freedom of expression should be restricted for the protection of reputation judges should take into account the three-part test set out in Article 19 of the ICCPR (see the previous section). In particular they should consider whether the decision in favour of reputation as well as the sanction imposed

are truly necessary for the protection of the reputation. We recall that the requirement of ‘necessity’ imposes strict quality controls on laws which restrict freedom of expression:

- First, a restriction on free speech must be in response to a pressing social need, not merely a matter of convenience.

- Second, the least intrusive measure which would achieve the pressing social need must be employed since a more intrusive measure would not be necessary if a less intrusive option were available. For example, shutting down a newspaper for defamation is excessive; other remedies, such as a retraction or a modest damage award, provide adequate protection for reputation.

- Third, the impact of restrictions must be proportionate, meaning that a measure’s harm to freedom of expression must not outweigh the benefits to the interest it aims to serve. A restriction which provides limited protection to a person’s reputation but which seriously undermines freedom of expression would not meet this standard.

## လွတ်လပ်စွာထုတ်ဖော်ခွင့်နှင့် အသရေဖျက်မှုအကြား ဟန်ချက်ညီအောင်မည်သို့ဖန်တီးမည်နည်း။

နာမည်ဂုဏ်သတင်းကိုကာကွယ်ရန်အတွက် လွတ်လပ်စွာဖော်ထုတ်ခွင့်ကို ကန့်သတ်ရန် စဉ်းစား သုံးသပ်ရာတွင်၊ တရားသူကြီးများသည် ICCPR (အထက်ကအခန်းကို ကြည့်ပါ) ၏ ပုဒ်မ ၁၉ ပါအ ပိုင်းသုံးပိုင်းကို ထည့်သွင်းစဉ်းစားရမည်။ အထူးသဖြင့် သူတို့သည် နာမည်ဂုဏ်သတင်းကိုဦးစား ပေးသော ဆုံးဖြတ်ချက် ဟုတ်မဟုတ်နှင့် ပြစ်ဒဏ်သည် နာမည်ဂုဏ်သတင်းကိုကာကွယ်ရန် အ မှန်တကယ်လိုအပ်ခြင်းရှိမရှိ သုံးသပ်ရမည်။ “လိုအပ်ခြင်း”မြောက်ရန် လိုအပ်သော အခြေအနေ ဆိုသည်မှာ လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကိုကန့်သတ်သော တိကျသည့် ထိန်းကွပ်မှုကို သတ်မှတ် ခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ပြန်လည် သတိရသည်။

- ပထမအနေဖြင့် လွတ်လပ်စွာပြောဆိုခြင်းအပေါ် တားမြစ်ခြင်းသည် အရေးတကြီး လူမှုရေးလိုအပ်ချက်ကို တုံ့ပြန်ခြင်းဖြစ်ရပြီး၊ အဆင်ပြေမှုဖြစ်ရုံမျှအတွက် မဖြစ်ရ။

- ဒုတိယအနေဖြင့် အရေးတကြီး လူမှုရေးလိုအပ်ချက်ကို အောင်မြင်မှုရရှိစေမည့်အနှောက် အယှက် အနည်း ဆုံးဖြစ်သော ဆောင်ရွက်မှုကို အသုံးပြုရမည်။အဘယ်ကြောင့်ဆိုသော် အနှောင့်အယှက် အနည်းဆုံးဆုံးဖြတ်မှုကို ရရှိနိုင်ပါက အနှောင့်အယှက် ပိုများသော ဆုံးဖြတ်ချက် မလိုအပ်တော့သောကြောင့်ဖြစ်သည်။ ဥပမာ- သတင်းစာတစ်စောင်ကို အသရေဖျက်မှုကြောင့် ပိတ်ပင်ခြင်းသည် လွန်ကဲစွာ ပြုလုပ်ခြင်းဖြစ်သည်။ ပိတ်ပင်ခြင်းအမိန့်ကို ပြန်ရုတ်သိမ်းခြင်း သို့မဟုတ် အသင့်အတင့်သော နစ်နာဆုံးရှုံးမှု အတွက် ပြန်လျော်ခြင်း ၊ နာမည်ဂုဏ်သတင်းအတွက် သင့်လျော်သော ကာကွယ် စောင့်ရှောက်မှုပေးခြင်း စသည့် အခြားသော သက်သာခွင့်ကို ပြုလုပ်ပေးခြင်းမျိုး ။

- တတိယအနေဖြင့် ကန့်သတ် တားမြစ်ခြင်းများ၏ အကျိုးသက်ရောက်မှုသည် အချိုးကျဖြစ်ရမည်။ ဆိုလိုသည်မှာ လွတ်လပ်စွာ ထုတ်ဖော်ခြင်းအရ ဆောင်ရွက်မှုကြောင့် နစ်နာခြင်းသည် ပြုလုပ်ရန်ရည်ရွယ်ချက်၏ အကျိုးအမြတ်ကို မကျော်လွန်ရ။ လူတစ်ဦး၏ နာမည်ဂုဏ်သတင်း ကန့်သတ် အကာကွယ်ပေးရန် တားမြစ်ပြီး လွတ်လပ်စွာ ဖော်ပြခွင့် ကို လေးလေးနက်နက် ဂရုမစိုက်လျှင် ဤစံကို မှီ မည်မဟုတ်ပါ။

## What are the defences in defamation cases?

International law recognises the following defences in defamation cases:

- The defence of truth - nobody should be responsible for truthful statements.

- The defence of public interest - in cases involving matters of public interest, such as comments about public figures, General Comment No. 34 requires that consideration be given to "avoiding penalising untrue statements that have been published in error but without malice." In other words, the law should recognise that the public interest of freedom of expression may prevail over reputation and that the nature of information collection and distribution may lead to errors. These errors, which normally happen because journalists cannot wait until they are completely sure that every fact made available to them is correct before publishing the story, should be ignored if author has not acted with malice. In cases of journalism, journalists can demonstrate that they have acted without malice by proving that in the preparation of their materials they have observed the professional standards and code of ethics. Judges should examine the whole text of the material to determine whether journalists acted with malice.

- Defence of opinion: International law differentiate between opinion and factual statements. Paragraph 9 of General Comment No. 34 specifies:

    - The right to hold opinions permits no exception or restriction;

    - No person may be subject to the impairment of any rights under the Covenant on the basis of his or her actual, perceived or supposed opinions;

    - All forms of opinion are protected, including opinions of a political, scientific, historic, moral or religious nature;

    - It is incompatible with international law to criminalise the holding of an opinion;

    - The harassment, intimidation or stigmatisation of a person, including arrest, detention, trial or imprisonment for reasons

of the opinions they may hold, constitutes a violation of the right to hold an opinion.

- Absolute and qualified privileges: There are certain forums in which the ability to speak freely is so vital that statements made there should never lead to liability for defamation. Such an absolute privilege should apply, for example, to statements made during judicial proceedings, statements before national and local parliaments and fair and accurate reports on such statements. Certain other types of statements should enjoy a qualified privilege; that is, they should be exempt from liability unless they can be shown to have been made with malice. This latter category should include statements which the speaker is under a legal, moral or social duty to make, such as reporting a suspected crime to the police.

- Words of others: Finally, journalists should not be held liable for reporting or reproducing the statements of others, so long as these statements have news value and the journalist refrains from endorsing them.

## အသရေဖျက်မှုများတွင် ခုခံကာကွယ်ခြင်းများသည် မည်သည့်အရာများ ဖြစ်သနည်း။

အပြည်ပြည်ဆိုင်ရာဥပဒေသည်
အသရေဖျက်မှုများတွင်
အောက်ပါခုခံကာကွယ်ခြင်းများကို အသိ
အမှတ်ပြုသည်။

- အမှန်တရားကို ခုခံကာကွယ်ခြင်း - မှန်ကန်သောရေးသားချက်များ အတွက် မည်သူ တစ်စုံတစ်ဦးမျှ တာဝန်မရှိစေရ ။

- အများအကျိုးစီးပွားကို ခုခံကာကွယ်ခြင်း။
။ လူထုအကြားကျော်ကြားသော
ပုဂ္ဂိုလ်များအား မှတ်ချက်များပေးခြင်း
စသည့်အများအကျိုးစီးပွား
ပါဝင်ပက်သက်သော အမှုများတွင်
အထွေထွေ မှတ်ချက်အမှတ် (၃၄) က "
အငြိုးမပါသော မှားယွင်းစွာထုတ်ဝေသည့်
မမှန်ကန်သော ရေးသားခြင်းများကို
အပြစ်ပေးခြင်းမှရှောင်ကျဉ် ခြင်းကို
သုံးသပ်ရန် လိုအပ်ကြောင်းဖော်ပြသည်။
အခြားတစ်နည်းအားဖြင့် ဆိုရပါမူ
အများအကျိုးစီးပွား အတွက်
လွတ်လပ်စွာဖော်ပြခြင်းသည်
နာမည်ဂုဏ်သတင်းကိုပြန် နံ့စေပြီး
သတင်းစု ဆောင်းခြင်းနှင့် ဖြန့်ဝေခြင်း
သဘောသဘာဝက အများသို့
တွန်းပို့နိုင်ကြောင်း ကို ဥပဒေမှ အသိအမှတ်
ပြုရမည်။ ဤသို့သော အမှားများသည်
သာမန်အားဖြင့် ဖြစ်လေ့ဖြစ်ထ ရှိ သည်။
အဘယ် ကြောင့်ဆိုသော်သတင်းသမား
(ဂျာနယ်လစ်) များသည်ပုံနှိပ်ခြင်းမပြုမီ ယင်း
တို့လက်ခံရရှိသောသတင်းအချက်အလက်အ
တိုင်း ပြည့်စုံမှန်ကန်သည်ဟု အတည်ပြုရန်
အချိန်မပေးနိုင်သောကြောင့်ဖြစ်သည်။စာေ
ရးသူက အငြိုးဖြင့် ရေးသားခြင်းမဟုတ်ပါက
ယင်းကိစ္စကို လစ်လျူ ရှုနိုင်သည်။
စာနယ်ဇင်း ဆိုင်ရာအမှုများတွင်
သတင်းစာဆရာများသည် သတင်းကို
ပြင်ဆင်ရာတွင် သူတို့သည် ကျွမ်းကျင်မှု
အဆင့်အတန်းနှင့် သိက္ခာ ကျင့်ဝတ်ကို
အငြိုးမပါပဲ လေ့လာလိုက်နာကြောင်း
သက်သေပြနိုင်သည် ။
တရားသူကြီးများအနေဖြင့်

စာနယ်ဇင်းသမားများသည် အငြိုးဖြင့်ဆောင်ရွက်ခြင်း ဟုတ်မဟုတ်ကို ဆုံးဖြတ် သုံးသပ်ရန် အချက်အလက်အားလုံးကို စစ်ဆေးရမည်။

- ထင်မြင်ယူဆချက်ကို ခုခံကာကွယ်ခြင်း။ ။ အပြည်ပြည်ဆိုင်ရာဥပဒေက ထင်မြင်ယူဆချက်နှင့် အဖြစ်မှန် ရေးသားခြင်းကို ခွဲခြားသည် ။ အထွေထွေ မှတ်ချက် အမှတ် (၃၄) ၏အပိုဒ်(၉) တွင် အောက်ပါအတိုင်းသတ်မှတ် ပြဋ္ဌာန်း ထားသည်။

    - ကင်းလွတ်ခွင့် သို့မဟုတ် တားမြစ် ကန့်သတ်ချက်မပါသော ထင်မြင်ယူဆခြင်းကို လက်ကိုင် ကျင့်သုံးခွင့်၊

    - မည်သူတစ်စုံတစ်ဦးမျှ ယင်း၏လက်တွေ့ ၊ လေ့လာသိရှိမှုသို့မဟုတ် ထင်မြင်ယူဆချက် အပေါ် အခြေခံ၍ ပြုလုပ်ခြင်းအတွက် ဤ ပဋိညာဉ်ပါ အခွင့်အရေးများ မှ အနှောက် အ ယှက် အဟန့်အတားမဖြစ်စေရ။

    - နိုင်ငံရေး၊သိပ္ပံရေးရာ၊ သမိုင်းရေးရာ၊ကိုယ်ကျင့်တရား၊ သို့မဟုတ် ဘာသာရေးစသည့် ကိစ္စရပ်မျိုး နှင့်ပက်သက်သော ထင်မြင်ယူဆချက်အားလုံးကို အကာအကွယ်ပေးသည်။

    - ထင်မြင်ယူဆချက် ကိုအပြည်ပြည်ဆိုင်ရာဥပဒေအရ ပြစ်မှုအဖြစ် သတ်မှတ်ရန် မဖြစ်နိုင်ပါ။

    - တစ်စုံတစ်ဦးအား ယင်း၏ ထင်မြင်ယူဆမှုကြောင့်၊ဖမ်းဆီးခြင်း ၊ ထိန်းသိမ်းခြင်း၊ တရားစွဲ ဆိုခြင်း သို့မဟုတ် ထောင်ဒဏ်ချမှတ်ခြင်း အပါအဝင် အနှောက်အယှက်ပေးခြင်း ၊ ခြိမ်းခြောက်ခြင်း၊ သို့မဟုတ် ကဲ့ရဲ့ခြင်းများသည် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်ကို ချိုးဖောက်ခြင်းပင်ဖြစ်သည်။

- သတ်မှတ်ချက်ပြည့်မှီ၍အပြည့်အဝရရှိသော အခွင့်အရေးအချို့သော ဆွေးနွေးပွဲများတွင် လွတ်လပ်စွာပြောဆိုရန်မရှိမဖြစ်လို အပ်သဖြင့်၊ ယင်းသို့ပြောဆိုမှုအတွက် အသရေဖျက် မှုအရ တာဝန်မရှိစေရ။ ဤသို့အပြည့်အဝရရှိသော အခွင့်အရေးကို ဥပမာအားဖြင့် တရားခွင်တွင် ပြောဆိုချက်များ ၊ အမျိုးသားနှင့်ဒေသန္တရ လွှတ်တော်တွင်ပြောဆိုချက် များနှင့် ယင်းပြောဆိုချက်၏ မှုတ ၍ တိကျသော အစီရင်ခံစာများတွင်ရရှိရမည်။အခြား သော ပြောဆိုရေးသားချက်များသည်လည်း သတ်မှတ်ချက်ပြည့်မှီသော အခွင့် အရေးရရှိနိုင်သည်။ ဥပမာ ယင်းပြောဆိုရေးသားချက်သည် အငြိုးဖြင့် ရေးခြင်းဖြစ်ကြောင်း သက်သေမပြနိုင်သရွေ့ တာဝန်ရှိမှုမှ ကင်းလွတ်ခွင့် ရှိသည်။ဤ ကင်းလွတ်ခွင့် သတ်မှတ်ချက်တွင် ပြောဆိုသူသည် တရားဥပဒေ ရေးရာကိစ္စ ၊ ကျင့်ဝတ်အရ သို့မဟုတ် လူမှုရေး တာဝန်ရှိမှု အရ ရဲ တပ်ဖွဲ့သို့ သံသယ ရှိသော မှုခင်းအတွက် သတင်းပေးခြင်းပါဝင်ရမည်။

- သူတပါး၏စကားလုံးဝေါဟာရများ၊ နောက်ဆုံးအနေဖြင့် စာနယ်ဇင်းသမားများသည် ဤပြောဆိုရေးသားချက်တွင် သတင်းတန်ဖိုးရှိခြင်းနှင့် အတည်ပြုရန် ရှောင်ကျဉ်ခြင်းမှ တပါးသူတပါး၏ ပြောဆိုရေးသားချက်များကို သတင်းပေးခြင်းသို့မဟုတ် ပြန်လည်

ထုတ်ဝေခြင်းအတွက် တာဝန်မရှိစေရ။

## Are politicians and other public officials entitled to a higher protection against defamation?

Vigorous debate about the functioning of public officials and the government lies at the heart of democracy. To ensure that this debate is pursued freely, uninhibited by fear of litigation, international courts have consistently held that public bodies and officials should tolerate a wider degree of criticism than ordinary citizens.

## နိုင်ငံရေးသမားများနှင့် အခြားလူထု အရာရှိများသည်အသရေဖျက်မှု စွဲဆိုခြင်းမှ အကာကွယ် ပိုမိုခံစားခွင့်ရှိသလား။

အစိုးရနှင့်လူထုအရာရှိများ၏ တာဝန်အပေါ်တက်ကြွစွာဆွေးနွေးပြောဆိုခြင်းသည် ဒီမိုကရေစီ၏ နလုံးသားတွင် တည်ရှိသည်။ ဤ ဆွေးနွေးပွဲသည် လွတ်လပ်မှုရှိကြောင်းသေချာစေရန်နှင့် တရားစွဲဆိုခံရခြင်းမှ စိုးရိမ်ကြောက်ရွံ့ခြင်းမရှိစေရန်၊ အပြည်ပြည်ဆိုင်ရာ တရားရုံးများ က အစိုးရအရာ ရှိများနှင့် လူထုအဖွဲ့ အစည်းများ အနေဖြင့် သာမန် ပြည်သူပြည်သားများထက် ဝေဖန်မှုကို ပိုမိုသည်းခံရန် စဉ်ဆက်မပြတ်ပြောဆိုသည်။

## Can public bodies such ministries sue for defamation?

Several established democracies do not allow public bodies to sue for defamation under any circumstances, both because of the danger to freedom of expression and because public bodies are not seen as having a "reputation" entitled to protection. As abstract entities without a profit motive, they lack an emotional or financial interest in preventing damage to their good name. Moreover, it is improper for government to spend public money on defamation suits to defend its own reputation.

The UN Human Rights Committee has recommended the abolition of laws criminalising defamation of the State.

## ဝန်ကြီးဌာနများစသည့် လူထုအဖွဲ့အစည်းများသည် အသရေဖျက်မှုအတွက် တရားစွဲဆိုနိုင်သ လား။

အချို့ သောဒီမိုကရေစီရရှိပြီးနိုင်ငံများ တွင် မည်သည့်အခြေအနေတွင်မျှ လူထုအဖွဲ့ အစည်းများ အား အသရေဖျက်မှုဖြင့်တရားစွဲဆိုရန် ခွင့်မပြုပါ။အကြောင်းမှာ လွတ်လပ်စွာဖော်ထုတ်ခွင့်အတွက် အန္တရာယ်ရှိခြင်းနှင့် လူထုအဖွဲ့အစည်းများအနေဖြင့် ဂုဏ်သတင်းကာကွယ်ခြင်း အခွင့်အရေး မရရှိသော ကြောင့်ဖြစ်သည်။ အမြတ်မရှိသော ယေဘုယျ သဘောဖြင့်ရပ်တည် သဖြင့် သူတို့ သည် မိမိတို့၏ နာမည်ကောင်းပျက်စီးခြင်းမှ ကာကွယ်ရန် ငွေကြေးအရသော်လည်းကောင်း၊ စိတ်လှုပ်ရှားမှု အရသော်လည်းကောင်း၊စိတ်ဝင်စားမှုကင်းမဲ့ကြသည်။ထို့အပြင် အစိုးရအနေဖြင့် ဤသို့သော အသရေဖျက်မှုမှ မိမိ ဂုဏ်သတင်းကာကွယ်ရန်အတွက်လူထု၏ငွေကို အသုံးပြုခြင်းသည် မသင့်လျော်ပါ။

ကမ္ဘာ ကုလသမဂ္ဂလူ့ အခွင့်အရေးကော်မတီသည် နိုင်ငံ တစ်ခုအား အသရေဖျက်မှုအရ

ပြစ်မှုမြောက်စေ သည့် ဥပဒေများကို ဖျက်သိမ်းရန် အကြံပြုသည်။

## What should be the remedies in defamation cases?

Like any restriction on freedom of expression, sanctions for defamatory statements must be 'necessary', that is, they should be proportionate so that their footprint on the right does not go beyond what is needed. Traditionally, the ordinary remedy for defamation has been financial compensation, but in several countries a culture of excessive awards has had a negative effect on the free flow of information. A variety of less intrusive but still effective alternative remedies exist, such as a court order to issue an apology or correction, or to publish the judgment finding the statements to be defamatory. Such alternative remedies are more speech-friendly and should be prioritised.

Where monetary awards are necessary to redress financial harm, the law should specify clear criteria for determining the size of awards.

## အသရေဖျက်မှုများတွင် ကုစားခွင့်များသည် မည်သည်များဖြစ်ရမည်နည်း။

လွတ်လပ်စွာ ဖော်ထုတ်ခွင့်အပေါ်ကန့်သတ်ခြင်း များနည်းတူ ၊ အသရေ ပျက်ခြင်းဆိုင် ရာရေးသား ပြောဆိုချက်များအတွက် အရေးယူမှုသည် လိုအပ်သည် ။ထို့ပြင်အချိုးညီရန် လိုအပ် သည်။ သို့မှသာ အခွင့်အရေးကျင့်သုံးရာတွင် လိုအပ်သည်ထက်ကျော် မသွားတော့ပါ။

ထုံးစံအရဆိုလျှင် အသရေဖျက်မှုတွင်သာ သာမန်ကုစားခွင့်မှာ ငွေကြေးအရနစ်နာကြေး ပေးခြင်းဖြစ်သည်။ သို့ သော် အချို့သော နိုင်ငံများတွင် များပြားသော နစ်နာကြေးပေးသည့် ယဉ်ကျေးမှုက သတင်းလွတ် လပ်စွာ စီးဆင်းခွင့် အပေါ် ဆန့်ကျင်ဘက် အကျိုး သက်ရောက်မှုဖြစ် စေသည်။ အနောက်အ ယှက်အနည်းငယ်ဖြစ်စေသော ကုစားခွင့် ပြုမှု အမျိုးမျိုးသည် ရှိနေဆဲ ဖြစ်သည်။ ဥပမာအားဖြင့် တောင်းပန်ရန်သို့မဟုတ် ပြုပြင်ရန် တရားရုံးမှ အမိန့်ချခြင်းမျိုး ဖြစ် သည်။ သို့မဟုတ် ရေးသား ပြောဆိုချက်သည် ။အသရေဖျက်မှု မြောက်ကြောင်းတရားရုံး ဆုံးဖြတ် ချက်ကို ထုတ်ဝေခြင်းမျိုး ဖြစ်သည်။ဤသို့အခြားသော ကုစားခွင့်ပြုခြင်းသည် ပိုမိုရင်းနှီးမှုဖြစ်စေသ ဖြင့် ဦးစားပေးရမည်။

ငွေကြေးနစ်နမှုအတွက်ငွေကြေး ချီးမြှင့်ခြင်း အမိန့်ချမှတ်ရန်လိုအပ်ပါက ငွေကြေး ပမာဏ ကို ဆုံးဖြတ်ရန်ဥပဒေက  လိုအပ်သော စံ တစ်ရပ်ကိုရှင်းလင်းစွာ သတ်မှတ် ပြဋ္ဌာန်းရမည်။

# အမျိုးသားလုံခြုံရေးကာကွယ်ရေး၊ လူထုငြိမ်ဝပ်ပိပြားရေးနှင့်လူထုလုံခြုံစိတ်ချရေး

## Protection of national security, public order, public safety

### Can the right to freedom of expression be restricted on national security/public order grounds?

Yes, Article 19, paragraph 3 of the ICCPR lists national security and public order and safety as legitimate grounds for restriction of the right to freedom of expression.

### လူထုငြိမ်ဝပ်ပိပြားရေးနှင့်အမျိုးသားလုံခြုံရေးကိုအကြောင်းပြု၍ လွတ်လပ်စွာဖေါ်ထုတ်ပြောဆိုခွင့်ကိုကန့်သတ်နိုင်ပါသလား၊

ကန့်သတ်နိုင်ပါသည်။ အိုင်စီစီအာပီ၏ပုဒ်မ ၁၉၊အပိုဒ်၃တွင် အမျိုးသားလုံခြုံရေးနှင့် အများပြည် သူလုံခြုံစိတ်ချရရေးသည်လွတ်လပ် စွာဖေါ်ထုတ်ခြင်းကိုကန့်သတ်နိုင်သောတရားဝင် သည့်အခြေ ခံအကြောင်းအချက်များဖြစ်သည်။

### What are the international definitions of "national security", "public order" and "public safety"?

There are no international definitions of "national security", "public order" and "public safety". The U.N. Sub-Commission on Prevention of Discrimination and Protection of Minorities has attempted to fill this analytical void in its Siracusa Principles. Principle B(iv) defines when a restriction can be said to serve national security:

National security may be invoked to justify measures limiting certain rights only when they are taken to protect the existence of the nation or its territorial integrity or political independence against force or threat of force.

National security cannot be invoked as a reason for imposing limitations to prevent merely local or relatively isolated threats to law and order.

National security cannot be used as a pretext for imposing vague or arbitrary limitations and may only be invoked when there exists adequate safeguards and effective remedies against abuse….

A state responsible for systematic violation of human right shall not invoke national security as a justification for measures aimed at suppressing opposition to such violation or at perpetrating repressive practices against its population.

According to this principle, restrictions on the basis of national security are only justifiable if they address a threat to the "existence of the nation or its territorial integrity or political independence," as distinct from localised violence and ordinary criminal activities.

Principle B (ii) of Siracusa Principles sets out that the expression "public order" may

be defined as the sum of rules which ensure the functioning of society or the set of fundamental principles on which society is founded.

Principle B (vii) of Siracusa Principles sets out that "public safety" means protection against danger to the safety of persons, to their life or physical integrity, or serious damage to their property.

Examples of restrictions of freedom of expression on national security/public order grounds: laws protecting national security, public safety and public order with impact on freedom of expression are laws classifying certain types of information or banning the divulging of military information or treason laws or laws banning calls for insurrection or overthrow of government (sedition laws).

## အမျိုးသားလုံခြုံရေး၊အများပြည်သူလုံခြုံစိတ်ချရေးနှင့် အများပြည်သူငြိမ်ဝပ်ပိပြားရေး ဆိုသည့် ဝေါဟာရများ၏နိုင်ငံတကာအဓိပ္ပါယ်ဖွင့်ဆိုချက်သည်အဘယ်နည်း။

အမျိုးသားလုံခြုံရေး၊အများပြည်သူလုံခြုံစိတ်ချရေးနှင့် အများပြည်သူငြိမ်ဝပ်ပိပြားရေး ဆိုသည့် ဝေါဟာရများ၏နိုင်ငံတကာအဓိပ္ပါယ်ဖွင့်ဆိုချက်မရှိပေ။ကမ္ဘာ့ကုလသမဂ္ဂ ၏ လူမျိုးရေးခွဲခြားမှုနှင့်လူနည်းစုများကာကွယ်ရေးဆပ်ကော်မတီကအမျိုးသားလုံ ခြုံရေး ဟူသောဝေါဟာရကို သူ၏ဆိုင်ရာကျူစည်းမျဉ်းဖြင့် ရှင်းလင်းရန်ကြိုးပမ်းခဲ့ သည်။ ထိုစည်းမျဉ်းအပိုဒ် B(iv) တွင် ဖွင့်ဆိုထားသည်မှာအောက်ပါအချက်များသည် အမျိုးသားလုံခြုံရေးကိုအကျိုးပြုသည့်ကန့်သတ်ချက်များဖြစ်သည် ဟုခေါ်ဆိုနိုင်သည်-

ဤအဓိပ္ပာယ်ဖွင့်ဆိုချက်များအရအမျိုးသားလုံခြုံရေးပေါ်တွင်အခြေခံသောကန့်သတ်တားဆီးချက်မှုများသည် သာမန်ရာဇဝတ်မှုများနှင့်ကွဲပြားနားသော နိုင်ငံတည်တံ့ရေး၊နယ်မြေစိုးမိုးခိုင်မာရေးသို့မဟုတ် နိုင်ငံရေးလွတ်လပ်ခွင့်များကိုခြိမ်းခြောက်မှုများအားရင်ဆိုင် ဖြေရှင်းနိုင်မှသာလျှင် တရား မျှတသောကန့်သတ်တားဆီးပိတ်ပင်မှုများအဖြစ်မှတ်ယူနိုင်သည်။

ဆိုင်ရာကျူစည်းမျဉ်းB (ii) အရဆိုလျှင် အများပြည်သူငြိမ်ဝပ်ပိပြားရေးဆိုသည်မှာလူ့ဖွဲ့အ စည်း၏ လုပ်ငန်းဆောင်တာများကိုအာမခံသောစည်းမျဉ်းအစုအပေါင်းပင်ဖြစ်သည်၊သို့မဟုတ် လူ့အဖွဲ့ အစည်းတည်ဆောက်ထားသည့်အခြေခံစည်းမျဉ်းများပင်ဖြစ်သည်။

ဆိုင်ရာကျူစည်းမျဉ်းB (vii) အရဆိုလျှင် အများပြည်သူလုံခြုံစိတ်ချရေးဆိုသည်မှာလူများ၏လုံခြုံရေး။အသက် စည်းစိမ်အိုးအိမ်များ၏အန္တရာယ်ကိုကာကွယ်ခြင်းမည်ပေသည်။

အများပြည်သူလုံခြုံရေးနှင့်အမျိုးသာလုံခြုံရေးများကိုအကြောင်းပြု၍လွတ်လပ်စွာဖေါ်ထုတ်ပြောဆိုခြင်းကို ကန့်သတ်နိုင်သောဥပမာများမှာ- အမျိုးသားလုံခြုံရေး၊အများပြည်သူလုံခြုံစိတ်ချရေးနှင့်အများ ပြည်သူငြိမ်ဝပ်ပိပြားရေးဆိုင်ရာဥပဒေများနှင့် လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခြင်းတို့ ထိတွေ့ရင်ဆိုင်မှု ဖြစ်ပွားခြင်းများမှာသတင်းအချက်အလက်အမျိုးအစားကိုခွဲခြားသောဥပဒေနှင့် စစ်ဖက်ဆိုင်ရာ၊ပုန်ကန်ထကြွရန်နှင့် အစိုးရကိုဖြုတ်ချရန်ရည်ရွယ်သောသတင်းအချက် အလက် များကို ဖြန့်ချီခြင်းကိုတားဆီးပိတ်ပင်ခြင်းတို့နှင့်ဆိုင်သောဥပဒေများပင်ဖြစ်သည် ။

## What are the problems with national security/public order and safety restrictions?

Very often, national security/public order and safety restrictions are impermissibly vague or respond to statements which pose only a hypothetical risk of harm, making them ideal instruments of abuse to prevent the airing of unpopular ideas or criticism of government.

Often courts are prevented from assessing the rationale of the authority's decision aiming at protection of public order or public safety or national security. For example, the laws may not allow court to assess the classification of information. As a result governments can invoke easily national security/public order/public safety concerns to restrict public criticism against them or prevent public control over their actions.

## အမျိုးသားလုံခြုံရေး၊အများပြည်သူလုံခြုံစိတ်ချရေးနှင့် အများပြည်သူငြိမ်ဝပ်ပိပြားရေးတို့နှင့်သက် ဆိုင်သောပြဿနာများသည်အဘယ်နည်း။

မကြာခဏဆိုသလိုပင်၊ အမျိုးသားလုံခြုံရေး၊အများပြည်သူငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးကန့်သတ်ချက်များသည် ခွင့်မလွှတ်နိုင်အောင်သိသာမြင်သာမှုကင်းခြင်းသို့မဟုတ် အန္တရာယ်ဖြစ် နိုင်ချေကိုတုံ့ပြန်သောအချက်များဖြစ်နေတတ်ပြီး အစိုးရအားဝေဖန်မှုများကိုတားဆီးရာတွင်သုံးသောကိရိယာများဖြစ်နေတတ်သည်။

တရားရုံးများအားမကြာခဏဆိုသလိုအာဏာပိုင်များ၏အမျိုးသားလုံခြုံရေး၊ အများပြည်သူ ငြိမ်ဝပ်ပိပြားရေးနှင့်လုံခြုံရေးကန့်သတ်ချက်များကိုကာကွယ်မည့် ဆုံးဖြတ်ချက်များကိုသုံးသပ်ချက်မပြုလုပ်ရန်တားမြစ်ခံရသည်။ဥပမာ-ဥပဒေသည်တရားရုံးအားသတင်းအချက်အလက်များ ကိုအမျိုးအစားခွဲခြားခြင်းအားအကဲဖြတ်ခွင့်ပေးမထားချေ။သို့ဖြစ်သောကြောင့် အစိုးရများသည် အမျိုးသားလုံခြုံရေး၊အများပြည်သူတည်ငြိမ်အေးချမ်းရေးကိုလွယ်ကူစွာအကြောင်းပြု၍ ၎င်းတို့၏အပြုအမူများအတွက်အများပြည်သူ၏ထိန်းချုပ်မှုနှင့် ဝေဖန်သုံးသပ်မှုများမှကင်းလွတ်အောင် ဆောင် ရွက်နိုင်ကြသည်။

## When can the public right to know be restricted on grounds of national security?

The Tshwane Principles  set out no restriction on the right to information on national security grounds may be imposed unless the government can demonstrate that:

1. the restriction (a) is prescribed by law and (b) is necessary in a democratic society (c) to protect a legitimate national security interest; and

2. the law provides for adequate safeguards against abuse, including prompt, full, accessible, and effective scrutiny of the validity of the restriction by an independent oversight authority and full review by the courts.

The Tshwane Principles set out that national security interest refers to an interest the genuine purpose and primary impact of which is to protect national security and set out categories of information whose withholding may be necessary to protect

national security interests (for example, information about ongoing defence plans, the production of weapons systems, specific measures to safeguard the territory of the state, critical infrastructure, etc).

## အစိုးရသည်အောက်ပါအချက်များကို သက်သေအထောက်အထားမပြနိုင်ဘဲအမျိုးသားလုံခြုံရေးကိုအကြောင်းပြပြီးသတင်းအချက်အလက်များကိုကန့်သတ်နိုင်ခွင့်မရှိကြောင်းTheTshwane Principlesကဆိုသည်။

၁။ ကန့်သတ်ချက်ကို(က) ဥပဒေအရပြဌာန်းသည်။(ခ) ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် လိုအပ် သည်။ (ဂ) နိုင်ငံ၏တရားဝင်လုံခြုံရေးဆိုင်ရာအကျိုးစီးပွားကို ကာကွယ်ရန် နှင့်

၂။ ဥပဒေသည် အလွဲသုံးစားပြုခြင်းမပြုနိုင်အောင် လုံလောက်စွာကာကွယ်ထားနိုင်သည်။ ကန့်သတ်ချက်၏မှန်ကန်မှုကိုထိရောက်သောစုံစမ်းစစ်ဆေးမှုပြုလုပ်နိုင်ခြင်းပါဝင်ပြီး ထိုစစ်ဆေး မှုကိုလွတ်လပ်သောအဖွဲ့အစည်းတစ်ခုကဆောင်ရွက်နိုင်ပြီးတရားရုံးကအပြည့်အစုံသုံးသပ်ခွင့် လည်းပေးထားရမည်။

The Tshwane Principles များသည် အမျိုးသားလုံခြုံရေးဆိုသည်မှာစစ်မှန်သောရည်ရွယ်ချက် နှင့်အမျိုးသားလုံခြုံရေးကိုအခြေခံအားဖြင့် အကာအကွယ်ပေးမည့်စည်းမျဉ်းအဖြစ်သတ်မှတ်ထားသည်။ထို့ပြင် အမျိုးသားလုံခြုံရေးကိုအကာအကွယ်ပေးရန်လိုအပ်သောအချက်များကိုထိန်းသိမ်း ထားသည့်သတင်းအချက်အလက်အမျိုးအစားအဖြစ်သတ်မှတ်ထားသည်။ဥပမာ၊လက်ရှိ အကောင် အထည်ဖော်ဆောင်ရွက်နေသော ကာကွယ်ရေးစီမံကိန်းများ၊ လက်နက်ထုတ်လုပ်ရေးစနစ် များ၊ နိုင်ငံ၏နယ်နိမိတ်ကိုကာကွယ်စောင့်ရှောက်သောတိကျသည့်ဆောင်ရွက်ချက်များ၊အလွန်အ ရေးကြီး သောအဆောက်အဦများ၊

## Are there cases when the public right to know cannot be restricted on grounds of national security?

Some categories of information are of particularly high public interest given their special significance to the process of democratic oversight and the rule of law. The Tshwane Principles provide that there should be a presumption of overriding interest in favour of disclosure of information relating to the following categories:

1. violations of international human rights and humanitarian law;

2. information about cases of deprivation of life or liberty or torture;

3. information about the structure and powers of government;

4. decisions to use military force or acquire weapons of mass destruction;

5. the overall legal framework concerning surveillance of any kind;

6. financial information concerning state budget or procurement rules or reports made by supreme audit institutions;

7. information concerning the existence and scale of statutory violations and other abuses of power by public authorities,

8. information that could enable the public to understand any imminent or actual threat to public health, safety and environment.

## အမျိုးသားလုံခြုံေ-ရးကိုအကြောင်းပြုသည့် အများပြည်သူ၏သိရှိခွင့်ကိုတားဆီးကန့်သတ်ခွင့်မရှိသောဖြစ်ရပ်များရှိပါသလား၊

အချို့သောသတင်းအချက်အလက်အမျိုးအစားများသည် အထူးသဖြင့်အများပြည်သူအကျိုးစီးပွား ဖြစ်ပြီးဒီမိုကရေစီဖြစ်စဉ်တွင်လွှတ်ထားမည့်အခြေအနေလည်းဖြစ်မည့်အခြေအနေနှင့် တရားဥပဒေလည်းစိုးမိုးသည့်စိုးမိုးသည် အခြေအနေတွင်ဖြစ်မည့်ထူးခြားမှုများရှိနေသည်။ အောက်ပါ အချက်များနှင့်ဆက်စပ်သောအခြေအနေတွင် သတင်းထုတ်ပြန်ခြင်းကိုစဉ်းစားရန်လိုအပ်သည်။

၁။နိုင်ငံတကာလူ့အခွင့်အရေးနှင့်လူ့ဂုဏ်သိက္ခာနှင့်ဆိုင်သောဥပဒေကိုချိုးဖေါက်ခြင်း

၂။ လွှတ်လပ်မှု သို့မဟုတ်လူ့ဘဝကို နှုတ်ပယ်ခြင်းသို့မဟုတ်ညှင်းပန်းနှိပ်စက်ခြင်းနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်

၃။ အစိုးရတည်ဆောက်ဖွဲ့စည်းပုံနှင့်အာဏာနှင့်သက်ဆိုင်သည့်သတင်းအချက်အလက်များ

၄။ စစ်အင်အားကိုအသုံးချရန်ဆုံးဖြတ်ချက်သို့မဟုတ် အစုအပြုံလိုက် ထိခိုက်စေသောလက်နက်ရယူခြင်း

၅။ မည်သည့်အရာကိုမဆိုစောင့်ကြည့်ရခြင်းနှင့်သက်ဆိုင်သောဥပဒေရေးရာအခြေခံတစ်ခုလုံး

၆။ နိုင်ငံတော် ဘတ်ဂျက်နှင့်သက်ဆိုင်သောငွေ

ကားဆိုင်ရာသတင်း အချက်အလက်များ သို့မဟုတ်စာရင်းစစ်ချုပ်တင်သွင်းသောအစီရင်ခံစာ

၇။ ပြည်သူ့ဝန်ထမ်းကအာဏာကိုအလွဲသုံးစားပြုသည့်သတင်းအချက်အလက်များ

၈။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊လုံခြုံရေးနှင့်ကျန်းမာရေးတို့နှင့်ပတ်သက်ပြီးအန္တရာယ်ရှိနိုင် သောသတင်းအချက်အလက်များကိုလူထုနားလည်သဘောပေါက်စေနိုင်စေသည့် သတင်းအချက်အလက်များ။

## Can courts examine the decisions of public bodies to withhold information on grounds of national security?

Yes. Individuals have a right to challenge before court the decision of public bodies to withhold information on ground of national security. A court should not dismiss a challenge without examining the information.

The Tshwane Principles set out that when examining whether a restriction on access to information is necessary in a democratic society for protection of national security, public bodies and courts should consider whether:

(i) Disclosure of the information pose a real and identifiable risk of significant harm to a legitimate national security interest.

(ii) The risk of harm from disclosure outweighs the overall public interest in disclosure.

(iii) The restriction complies with the principle of proportionality and must be the least restrictive means available to protect against the harm.

## အမျိုးသားလုံခြုံရေးကိုအခြေခံသော သတင်းအချက်အလက်များကိုထိန်ချန်ထားရန်အများပြည်သူ ဆိုင်ရာအဖွဲ့အစည်းများ၏ဆုံးဖြတ်ချက်ကိုတရားရုံးမှစုံစမ်းစစ်ဆေးနိုင်ပါမည်လော။

စစ်ဆေးနိုင်ပါသည်။
လူတစ်ဦးတစ်ယောက်တိုင်းတွင် တရားရုံးရှေ့မှောက်တွင် အမျိုးသားလုံခြုံရေးကိုအခြေခံသောသတင်းအချက်အလက်များကိုထိန်ချန်ထားရန်အများပြည်သူဆိုင်ရာအဖွဲ့အစည်း များ၏ဆုံးဖြတ်ချက်ကိုစိန်ခေါ်နိုင်သည်။ တရားရုံးသည်သတင်းအချက်အလက်ကိုမစစ်ဆေး ဘဲစိန်ခေါ်မှုကိုပလပ်၍မရပေ။

The Tshwane Principlesကဆိုထားသည်မှာဒီမိုကရက်တစ်လူ့ဘောင်တစ်ခုတွင် အမျိုး သားလုံခြုံရေးကိုအကြောင်းပြုပြီးသတင်းရနိုင်ခွင့်ကိုကန့်သတ်မည်၊မကန့်သတ်မည်ဆိုသည်ကို တရားရုံးနှင့်ပြည်သူ့ရေးရာအဖွဲ့အစည်းများကစောကြောသောအခါတွင်အောက်ပါအချက်များဟုတ်မဟုတ်ဆိုသည်ကိုစဉ်းစားရမည်။

(၁) သတင်းထုတ်ဖော်ခြင်းသည် တရားဝင်အမျိုးသားလုံခြုံရေးကိုစစ်မှန် တိကျစွာဖွင့်ဆိုနိုင် သောအန္တရာယ်ပေးနိုင်ချေရှိခြင်း

(၂)သတင်းထုတ်ဖော်ခြင်းမှပေါ်ပေါက်နိုင်သောစွန့်စားရမှု၊အန္တရယ်ဖြစ်နိုင်ချေသည် ပြည်သူတစ်ရပ်လုံး၏အကျိုးစီးပွားထက်ပိုမိုနေခြင်း

(၃) သတင်းကန့်သတ်ခြင်းသည် အချိုးအစားမှုဖြင့်ကိုက်ညီပြီး အန္တရယ်ကာကွယ်ရေးအတွက် ကန့်သတ်ချက်သည်ဖြစ်နိုင်သမျှအနည်းဆုံးဖြစ်စေရမည်။

## When can public statements be restricted on protection public order or public safety grounds?

